ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၁၃)		၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်

**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ ဖွဲ့စည်းခြင်း။ | ၄-၅ |
| ၃။ | အနောက်သြစတြေးလျပြည်နယ်ရှိ Aboriginal အမွေအနှစ်နေရာများကို ကာကွယ်သည့် ဥပဒေအသစ်ကို ဖျက်သိမ်းခြင်း။ | ၆-၇ |
| ၄။ | အာဆီယံ၏ TAC သို့ လက်မှတ်ရေးထိုး၍ ၅၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည့် ဆော်ဒီအာရေဗျနိုင်ငံ။ | ၈-၉ |
| ၅။ | World Trade Organization ၏ ၂၀၂၃ ခုနှစ် အစီရင်ခံစာပါ ငါးလုပ်ငန်း များကို အထောက်အပံ့ပေးသည့်သဘောတူညီချက်စာချုပ်နှင့်စပ်လျဉ်း၍ အကျဉ်းချုပ်လေ့လာတင်ပြခြင်း။ | ၁၀-၁၂ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၃) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များ အကြောင်းသိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သော ပြည်ထောင်စုအစိုးရအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်အမှတ် ၆၁/၂၀၂၃၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်းဖွဲ့စည်းပုံစည်းမျဉ်း အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ နှင့် မြန်မာနိုင်ငံတိုင်းရင်း ဆေးဆရာအသင်းဖွဲ့စည်းပုံစည်းမျဉ်း ကို ပြင်ဆင်သည့် စည်းမျဉ်း အမိန့်ကြော်ငြာစာအမှတ် ၁၆၄/၂၀၂၃တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြ ဝန်ဆောင်မှု ပေးထားပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက (၂၅.၆.၂၀၀၂)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ ဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဖွဲ့စည်းပုံစည်းမျဉ်းကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းအမိန့်ကြော်ငြာစာ အပိုဒ်၂ (က) တွင် “အသင်း”ဆိုသည်မှာ ဤဖွဲ့စည်းပုံစည်းမျဉ်းအရ ဖွဲ့စည်းသော မြန်မာနိုင်ငံတိုင်းရင်း ဆေးဆရာအသင်းကို ဆိုသည်ဟုလည်းကောင်း၊ “အသင်းသား”ဆိုသည်မှာ မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း၏ အသင်းသားကိုဆိုသည်ဟု လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထိုအမိန့် ကြော်ငြာစာကို နိုင်ငံတော်၏ ကျန်းမာရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် တိုင်းရင်းဆေးဆရာများ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်လာစေရန်၊ တိုင်းရင်းဆေးပညာ ဖြင့် ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်မှုပေးပြီး အလုပ်အကျွေးပြုရန် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များနှင့်အညီ သုတေသနပြု၍ ဖော်ထုတ်ရန် စသည့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ တွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၏လုပ်ငန်း တာဝန်များကို အခန်း(၃)၊ အသင်းသားဖြစ်ခြင်းနှင့် အသင်းဖွဲ့စည်းခြင်းကို အခန်း (၄) တို့တွင် ဖော်ပြ ထားပြီး အပိုဒ် ၉ တွင် အသင်းသည် ရန်ကုန်မြို့တော်တွင် တည်ရှိရမည်ဟု ဖော်ပြထားပါသည်။

အခန်း(၅)တွင် အမှုဆောင်အဖွဲ့ဖွဲ့စည်းခြင်းနှင့်ပက်သက်၍ ဖော်ပြထားပြီး အပိုဒ် ၁၁ တွင် အမှုဆောင် အဖွဲ့၏ သက်တမ်းသည် ၂ နှစ်ဖြစ်သည်ဟု ဖော်ပြထားပါသည်။ ထို့ပြင် အမှုဆောင်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အသင်းသား၏တာဝန်နှင့်အခွင့်အရေးများ၊ အသင်းသားအဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းတို့ကိုလည်း ဤဖွဲ့စည်းပုံစည်းမျဉ်းတွင် တိကျရှင်းလင်းစွာ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဤဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်လိုပါက အမှုဆောင်အဖွဲ့သည် အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ တိုင်းရင်းဆေးကောင်စီ၏သဘောထား မှတ်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့ ၏သဘောတူညီချက်ဖြင့် ဤဖွဲ့စည်းပုံစည်းမျဉ်းကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၂၏ အပိုဒ် ၉၊ ၁၁တို့တွင် အသင်းကို ရန်ကုန်မြို့တော်တွင် တည်ရှိရမည်ဖြစ်ပြီး အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းမှာ ၂ နှစ်ဖြစ်သော်လည်း ကျန်းမာရေး ဝန်ကြီးဌာန၏ (၂၅.၇.၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆၄/၂၀၂၃ အရ အသင်းသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် တည်ရှိရမည်ဖြစ်ပြီး အမှုဆောင်အဖွဲ့၏ သက်တမ်းသည် ငါးနှစ်ဖြစ်ကြောင်း ပြင်ဆင် ထုတ်ပြန်ထားသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၃) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်

## ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူများ၏ စားဝတ်နေရေးပြေလည်ရေးကို ရှေးရှု၍ အခြေခံစားသောက်ကုန်စျေးနှုန်းများအပါအဝင် ကုန်စျေးနှုန်းတည်ငြိမ်ရေး ထိန်းသိမ်းဆောင်ရွက်ရေးအတွက် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁၄/၂၀၂၃ ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မတီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင် ၁၉ ဦး ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရပါသည်။

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီသည် အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် မီးဖိုချောင်သုံးကုန်ပစ္စည်းများ စျေးနှုန်းတည်ငြိမ်ရေးကို ဦးစားပေး ဆောင်ရွက်ရန်၊ အခြေခံ စားကုန်ပစ္စည်းတစ်မျိုးစီ၏ ပြည်တွင်းစားသုံးရန် လိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်နိုင်မှုပမာဏတို့ကို ချိန်ဆ၍ ညီညွတ်မျှတစေရေးစိစစ်ဆောင်ရွက်ရန်၊ ဒေသများအလိုက် ကုန်စျေးနှုန်းတည်ငြိမ်စေရန် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ အတွက် အဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးရန်၊ သယ်ယူစရိတ်ကြီးမြင့်ခြင်း၊ ကြားခံအဆင့်များပြားခြင်း၊ သယ်ယူရာတွင် လမ်းခရီး၌ မလိုအပ်ဘဲ ထိန်းချုပ်ခြင်းများ မဖြစ်ပေါ်စေရေး ညှိနှိုင်းဆောင်ရွက်ရန်၊ ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးနှင့် လုံလောက်စွာဝင်ရောက်ရေး၊ အဝင်အထွက်မှန်ကန်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ပေးရန်၊ အခြေခံစားကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုးချဲ့နိုင်ရေးအတွက် လိုအပ်လျှင်ကူညီပံ့ပိုးမှုများ ညှိနှိုင်းဖြည့်ဆည်းပေးရန်၊ အခြေခံစားကုန်ပစ္စည်းများကို ကုန်စျေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီကြီးကြပ်ဆောင်ရွက်ရန်နှင့် သဘာဝဘေးအန္တရာယ်ကြောင့်အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ စျေးနှုန်းမြင့်တက်ခြင်း၊ စျေးကစားခြင်းနှင့် စျေးကွက်အတွင်း ပစ္စည်းပြတ်လပ်ခြင်းများ မဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရန် စသည်တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယင်း

ကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကိုစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအမိန့်နှင့်ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း၊ အပိုင်း ၁၊ ၂၈.၇.၂၀၂၃

## အနောက်ဩစတြေးလျပြည်နယ်ရှိ Aboriginal အမွေအနှစ်နေရာများကို ကာကွယ်သည့် ဥပဒေအသစ်ကို ဖျက်သိမ်းခြင်း

အနောက်ဩစတြေးလျပြည်နယ်ရှိ လယ်သမားများနှင့် မြေပိုင်ရှင်အနည်းစု၏ ကျယ်ကျယ်ပြန့်ပြန့် ကန့်ကွက်မှုကိုခံရပြီးနောက် Aboriginal Cultural Heritage Act သည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည်။ ရှေးခေတ် Rock Shelter သည် ဩစတြေးလျ၏ ဌာနေတိုင်းရင်းသားလူမျိုးများနေထိုင်ရာ အစောဆုံးလူသိများသောနေရာများထဲမှ တစ်ခုဖြစ်ပြီး ရှေးအကျဆုံးလက်ရာအချို့တွင်ပါရှိသည်။

အနောက်ဩစတြေးလျပြည်နယ်၏ ဝန်ကြီးချုပ် Roger Cook က ငါးပတ်ကြာ သက်တမ်းရှိ ဥပဒေသည် စတင်အာဏာသက်ဝင်ကတည်းက ရှုပ်ထွေးနေသဖြင့် ပြည်နယ်အစိုးရက ယင်းဥပဒေအား ဖျက်သိမ်းကာ အရေးကြီးသောနေရာများအား ကာကွယ်မှုကို သေချာစေရန် ၁၉၇၂ ခုနှစ် ဥပဒေအား ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားခဲ့ပါသည်။

"2020 ပြည့်နှစ်အစောပိုင်းတွင် Pilbara ရှိ Juukan Gorge ဖြစ်ရပ်ဆိုးသည် ကမ္ဘာတစ်ဝှမ်းတွင်အရှက်ရစရာဖြစ်ခဲ့ပြီး ယင်းနှင့် အလားတူဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရန်အတွက် ကာကွယ်ရန်လိုအပ်သည်" ဟု Cook က ယခင်က Twitter တွင် ရေးသားခဲ့သည်။

ပြီးခဲ့သောလက စတင်အသက်ဝင်ခဲ့သော ယင်းအက်ဥပဒေသည် အနောက် ဩစတြေးလျပြည်နယ်တွင် ထင်ရှားသော Alboriginal ယဉ်ကျေးမှုအမွေအနှစ်နေရာများအား ဖျက်ဆီးမှုအားကာကွယ်ရန် ရည်ရွယ်ထားသော်လည်း အလုမ်းဝေးကွာလွန်းကြောင်း၊ "အက်ဥပဒေက ရှုပ်ထွေးလွန်းတဲ့ စည်းမျဉ်းများပါဝင်ပြီး အဆုံးသတ်တွင် ဌာနေတိုင်းရင်းသားလူမျိုးစုများ အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း၊ Aboriginal Heritage Act 1972 ၏ ဥပဒေအဟောင်းအား "ရိုးရှင်းပြီး ထိရောက်စွာ" ပြင်ဆင်ခြင်းသည် Juukan Gorge ဖြစ်ရပ်ကို ကာကွယ်ရန် လုံလောက်မည်ဖြစ်ကြောင်း၊ ပြင်ဆင်ထားသော ဥပဒေဟောင်းသည် ပစ္စည်းပိုင်ရှင်များ၏ ပိုင်ဆိုင်မှုများကို ဆက်လက် စီမံခန့်ခွဲစေနိုင်မည်ဖြစ်ကြောင်း Cook ကပြောကြားသည်။

Western Australian Farmers Federation ၏ CEO ဖြစ်သူ Trevor Whittington က Aboriginal Heritage ကာကွယ်စောင့်ရှောက်ရေးဥပဒေသည် ရည်ရွယ်ချက်နှင့်ကိုက်ညီမှုမရှိကြောင်းနှင့် ၎င်း၏အဖွဲ့သည် 1972 ဥပဒေကို မည်သို့ပြင်ဆင်ပြဋ္ဌာန်းမည်ကို စောင့်ကြည့်နေကြောင်း Reuters သတင်းဌာနသို့ ပြောကြားခဲ့သည်။

Puutu Kunti Kurrama နှင့် Pinikura (PKKP) Aboriginal Corporation (PKKP) တို့သည် 2020 ပြည့်နှစ်တွင် Rock Shelter များ ဖျက်ဆီးခံခဲ့ရပြီးနောက် ပြည်နယ်အစိုးရ၏ ဥပဒေသစ်ကို ဖျက်သိမ်းမည့်ဆုံးဖြတ်ချက်နှင့် စပ်လျဉ်းသောအစီရင်ခံစာများကြောင့် ဝမ်းနည်းရကြောင်း ပြောကြားခဲ့သည်။

"ယခင်အမွေအနှစ်ဥပဒေသည် Juukan Gorge အား အလိုအလျောက် ဖျက်ဆီးခြင်းကို ခွင့်ပြုခဲ့ကြောင်း၊ အက်ဥပဒေအသစ်က မပြည့်စုံပေမဲ့ ဥပဒေအဟောင်းကို အစားထိုးတာထက် ပိုကောင်းကြောင်း" PKKP ဥက္ကဋ္ဌ Terry Drage က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"အကယ်၍ ပြည်နယ်အစိုးရသည် ညှိနှိုင်းမှုအဆင့်တွင် ရပ်ရွာအသိုက်အဝန်း၏ အကြံပြုချက်များကိုနားထောင်ခဲ့လျှင် ယခုကဲ့သို့ရှုပ်ထွေးမည်မဟုတ်ကြောင်း၊ ဥပဒေကို ဖျက်သိမ်းခြင်းမပြုဘဲ အဓိကပြဿနာကိုဖော်ထုတ်ပြီးလမ်းညွှန်ပေးသင့်ကြောင်း"ဟု ၎င်းကပြောကြားခဲ့ကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source:

- Al Jazeera news, https;//www.aljazeera.com

## အာဆီယံ၏ TAC သို့ လက်မှတ်ရေးထိုး၍ ၅၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့် ဆော်ဒီအာရေဗျနိုင်ငံ

အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (The Treaty of Amity and Cooperation in Southeast Asia - TAC)သည် အရှေ့တောင်အာရှနိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူများဖြင့် ဖွဲ့စည်းထားပြီး ၁၉၇၆ ခုနှစ်တွင် စတင်အာဏာ သက်ဝင်ခဲ့ပါသည်။ TAC သည် ဒေသတွင်းနှင့် ဒေသပြင်ပရှိ နိုင်ငံအချင်းချင်း အပြန်အလှန်ဆက်ဆံရေးအတွက် တရားဝင်စည်းနှောင်မှုရှိသော စာချုပ်တစ်ခုဖြစ်ပါသည်။ အဆိုပါ စာချုပ်ကို ၁၉၈၇၊ ၁၉၉၈ နှင့် ၂၀၁၀ ခုနှစ်တို့တွင် သုံးကြိမ်တိုင်တိုင် ပြင်ဆင်ခဲ့ပြီး ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ အရှေ့တောင်အာရှပြင်ပရှိ နိုင်ငံများကိုလည်း နောက်မှ ပါဝင်ချုပ်ဆို၍ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုထားပါသည်။

အင်ဒိုနီးရှားနိုင်ငံ၊ဂျကာတာမြို့တွင် ကျင်းပပြုလုပ်သည့် ၅၆ ကြိမ်မြောက်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး(AMM)တွင် ဆော်ဒီအာရေဗျနိုင်ငံသည် TAC သို့ ပါဝင် ချုပ်ဆိုသည့် ၅၁ နိုင်ငံမြောက် တရားဝင်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ TAC လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဇူလိုင် ၁၂ ရက်နေ့တွင် ကျင်းပခဲ့ပြီး TAC သို့ ဆော်ဒီအာရေဗျနိုင်ငံ ဝင်ရောက်လာခြင်း အပေါ် ဝမ်းမြောက်ကြောင်း အာဆီယံကိုယ်စား အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Retno Marsudi က ပြောကြားခဲ့ပါသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် TAC ကိုလက်မှတ်ရေးထိုးခြင်းဖြင့်စာချုပ်တွင်ပါဝင်သည့် အာဆီယံ၏စံတန်ဖိုးများနှင့် အခြေခံမူများကို လိုက်နာရန်အလို့ငှာ ခိုင်မာသောကတိကဝတ်ကို ပြသရာရောက်ပါသည်။ TAC သည် အရှေ့တောင်အာရှနှင့် အခြားဒေသများတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပူးတွဲဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာဥပဒေကိုလိုက်နာခြင်းတို့ကိုဆောင်ရွက်ကြရန်တောင်းဆိုထားပါသည်။လက်ရှိပထဝီနိုင်ငံရေးအင်အားများနှင့် ဆက်စပ်၍ အဆိုပါစံတန်ဖိုးများနှင့် အခြေခံမူများသည် ပို၍ အရေးကြီးလာပါသည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Retno Marsudi က ဆော်ဒီအာရေဗျနိုင်ငံကို အာဆီယံမိသားစုမှ နွေးထွေးစွာကြိုဆိုကြောင်းနှင့် အင်ဒို-ပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး နှင့် သာယာဝပြောရေးအတွက် ခိုင်မာအားကောင်းလာစေရေးကို အဖွဲ့ဝင်နိုင်ငံအားလုံးမှ အလေးအနက်ထားရန် လိုအပ်သည်ဟု ပြောကြားခဲ့ပါသည်။ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့ ရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။

ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် TACသို့ လက်မှတ်ရေးထိုးခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုကျော်လွန်၍ စာချုပ်၏ သက်ရောက်မှုနှင့် ဩဇာလွှမ်းမိုးမှုများ ချဲ့ထွင်ရာတွင် သိသာထင်ရှားသည့် မှတ်တိုင်တစ်ခုဖြစ်ပါသည်။ ဆော်ဒီအာရေဗျနိုင်ငံ မတိုင်မီ ၂၀၂၂ ခုနှစ်တွင် ယူကရိန်း နိုင်ငံသည် TAC သို့ ဝင်ရောက်ခဲ့သည့် နောက်ဆုံးနိုင်ငံဖြစ်ပြီး Papua New Guinea နိုင်ငံသည် ၁၉၈၉ ခုနှစ်တွင် TAC သို့ဝင်ရောက်ခဲ့သည့် ပထမဆုံးသော အာဆီယံ၏ ပြင်ပနိုင်ငံဖြစ် ပါသည်။

TAC နှင့်စပ်လျဉ်း၍ ဆော်ဒီအာရေဗျနိုင်ငံ၏ ကတိကဝတ်မှာ ၎င်းနိုင်ငံနှင့် အာဆီယံ နိုင်ငံများအကြား ခိုင်မာသော ဆက်ဆံရေးကိုမြှင့်တင်ရန်၊ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး တို့ကို ပံ့ပိုးရန်နှင့် အင်ဒို-ပစိဖိတ်ဒေသတွင် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ကြောင်း တွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- https://currentaffairs.adda247.com/saudi-arabia-becomes-51st-country-to-sign-aseans-tac/

**World Trade Organization ၏ ၂၀၂၃ ခုနှစ် အစီရင်ခံစာပါ ငါးလုပ်ငန်းများကို အထောက်အပံ့ပေးသည့်သဘောတူညီချက်စာချုပ်နှင့်စပ်လျဉ်း၍ အကျဉ်းချုပ် လေ့လာတင်ပြခြင်း**

World Trade Organization ၏ အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိရာ ယခုနှစ်အတွက်အစီရင်ခံစာကို ၂၀၂၃ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအစီရင်ခံစာတွင် အဓိကအချက်အဖြစ် ကုန်သွယ်ရေးနှင့် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းသော အစားအသောက်၊ ငါးလုပ်ငန်းများကို အထောက်အပံ့ပေးသည့် သဘောတူစာချုပ်၊ အီလက်ထရောနစ် ကူးသန်းရောင်း ဝယ်ရေးတို့ကို ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှု(Fisheries Co-management)နှင့် ဂေဟစနစ်ကို မထိခိုက်စေသော ငါးလုပ်ငန်း စီမံခန့်ခွဲမှု (Essential Ecosystem Approach to Fisheries Management) အားစနစ်တကျမြှင့်တင် ဆောင်ရွက်ခြင်းဖြင့် စီမံခန့်ခွဲမှုများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲမှု (Fisheries Co-management) နှင့် ဂေဟစနစ်ကို မထိခိုက်စေသောငါးလုပ်ငန်းစီမံခန့်ခွဲမှု (Essential Ecosystem Approach to Fisheries Management)အား စနစ်တကျမြှင့်တင်ဆောင်ရွက်နိုင်မည့် တိကျသည့် လုပ်ငန်းမူဘောင်များ လေ့လာရေးဆွဲရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ WTO ၏ ဝန်ကြီးအဆင့်ဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့သည့် ငါးလုပ်ငန်းသဘောတူညီချက်စာချုပ်နှင့် စပ်လျဉ်း၍ လေ့လာတင်ပြခြင်းဖြစ်ပါသည်။

ငါးလုပ်ငန်းများကို အထောက်အပံ့ပေးခြင်းဆိုင်ရာ သဘောတူညီချက်စာချုပ်သည် သဘာဝပတ်ဝန်းကျင်စဉ်ဆက်မပြတ်ထိန်းသိမ်းရေးကို အဓိကထားဆောင်ရွက်သည့် WTO ၏ ပထမဆုံးသောသဘောတူညီချက်ဖြစ်ပါသည်။ ဤသဘောတူညီချက်စာချုပ်သည်ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ဆိုင်ရာအစိုးရများက ထောက်ပံ့ပေးရာတွင် ရေသယံဇာတအရင်းအမြစ်များကို ထိခိုက် လျော့ပါးမှုမရှိစေရေးအတွက် စည်းနှောင်မှုရှိသောတားမြစ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို စုစည်းဖော်ပြထားခြင်းဖြစ်ပါသည်။ ယင်းသဘောတူညီချက်စာချုပ်တွင် တရားမဝင်သောငါးဖမ်းခြင်း၊ စည်းကမ်းမဲ့ ငါးဖမ်းခြင်း

နှင့် ငါးအလွန်အကျွံဖမ်းခြင်းတို့ကို တားမြစ်ခြင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် ပြဋ္ဌာန်းချက်များ၊ နည်းပညာဆိုင်ရာအကူအညီပေးခြင်း၊ သက်ဆိုင်ရာအဖွဲ့ဝင် နိုင်ငံများအလိုက် ယင်းသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန်အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိခြင်း စသည်တို့ကို ဖော်ပြထားပါသည်။

ယင်းသဘောတူညီချက်စာချုပ်ကို ချုပ်ဆိုနိုင်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံး WTO အဖွဲ့ဝင်နိုင်ငံများ၏ အန္တရာယ်ရှိသောငါးဖမ်းလုပ်ငန်းအတွက် နှစ်စဉ်သုံးစွဲနေရသည့် အမေရိကန်ဒေါ်လာ ၂၂ဘီလီယံကို ငါးလုပ်ငန်းများစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေသည့်ကဏ္ဍများသို့ပြောင်းလဲသုံးစွဲနိုင်မည့် အခွင့်အလမ်းကို ရရှိစေမည်ဖြစ်ပါသည်။

၂၀၂၃ ဇန်နဝါရီတွင်ဆွစ်ဇာလန်နိုင်ငံသည် ယင်းသဘောတူညီချက်စာချုပ်ကို လက်ခံသည့် ပထမဆုံးသောအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ယခုအချိန်တွင် အဖွဲ့ဝင်နိုင်ငံ ၁၄ နိုင်ငံပါဝင်လာခဲ့ပြီး ၎င်းတို့မှာ Belize, Canada, China, European Union, Gabon, Iceland, Japan, Nigeria, Peru, Seychelles, Singapore, Switzerland, United Arab Emirates, United States တို့ဖြစ်ပါသည်။ WTO သဘောတူညီချက်၏ Article X ၏ အပိုဒ် ၃ ပါပြဋ္ဌာန်းချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံက လက်ခံသဘောတူမှသာ ယင်းသဘောတူညီချက်စာချုပ်သည် အာဏာသက်ဝင်မည်ဖြစ်ပါသည်။

ယင်းသဘောတူညီချက်စာချုပ်အရ WTO ငါးဖမ်းလုပ်ငန်းရန်ပုံငွေယန္တရားကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် တည်ထောင်ခဲ့ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် နည်းပညာနှင့် စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်တို့ကို အဓိကရည်ရွယ်ပါသည်။ ရန်ပုံငွေယန္တရားကိုအခြားနိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း၊ ကမ္ဘာ့ဘဏ်နှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်မှုရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်း၍ WTO မှ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံအများစုသည် ရန်ပုံငွေထည့်ဝင်ရန်ကတိပြုကြောင်း ကြေညာခဲ့သည်။

မြန်မာနိုင်ငံသည် ငါးလုပ်ငန်းကိုအထောက်အပံ့ပေးခြင်းဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း မရှိသေးသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် စင်္ကာပူနိုင်ငံသည် ယင်းသဘောတူစာချုပ်တွင် ပါဝင်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းသဘောတူစာချုပ်သည် ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများအတွက် အခွင့်အရေးများပါရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် လေ့လာသင့်သော သဘောတူစာချုပ်တစ်ရပ်ဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

---

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

